

# မိတ်ဆွေကြီးက ဒီမိုကရေစီကို တစ်ကယ်ကြိုက်နိုင်ပါ့မလား (၁)

ခက်သင့်ရမဲ့နေရာမှာ မခက်ဘဲ မခက်ရမဲ့နေရာမှာ ခက်နေတတ်ပါတယ်။ ပူရမဲ့ကိစ္စကို အဓိကမထားဘဲ မပူရမဲ့ကိစ္စကို အဓိကထားတတ်ပါတယ်။ လွယ်လွယ် ရှင်းရှင်း ရိုးရိုး မြင်သင့်တဲ့ကိစ္စကို ကင်းမြီးကောက်ထောင်ပြီး ကြည့်တတ်ပါတယ်။ ဘယ်ဘက်က နားရွက်ကို ဘယ်လက်နဲ့ လွယ်လွယ်ကူကူ၊ မြန်မြန်ဆန်ဆန် ကိုင်နိုင်ရက်နဲ့ ဘယ်နားရွက်ကို ညာလက်နဲ့ ကသိကအောက်အဖြစ်ခံပြီး ကိုးလိုးကန့်လန့် ခက်ခက်ခဲခဲ ကိုင်တတ်ပါတယ်။ ဗိုလ်ချုပ်က အောင်ပွဲမရောက်ခင် တက်ထောင်တတ်တာကို ဝေဖန်ခဲ့ဘူးပါတယ်။ အခုတွေ့နေရတာတွေထဲက အချို့တွေဟာ တက်ထောင်နေတာ မဟုတ်ပါဘူး။ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား အချင်းချင်း တက်နဲ့ ရိုက်ချနေတာမျိုးပါ။

ဒေါ်အောင်ဆန်းစုကြည်က တစ်နိုင်ငံလုံးအရေးကိစ္စအတွက် နအဖနဲ့ ဆွေးနွေးတဲ့နေရာမှာ တိုင်းရင်းသားတွေ အရေးကို အလေးထား ထည့်သွင်းစဉ်းစားမယ်။ တိုင်းရင်းသားတွေအရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးမယ်ဆိုတာက ဘယ်ပုဒ်မ ဘယ်ရာဇဝတ်မှုကို ကျူးလွန်လိုက်ပါသလဲ။

ဒေါ်အောင်ဆန်းစုကြည်ကလဲ ဘယ်သောအခါကမှ သူ့ကိုယ်သူ တိုင်းရင်းသားအားလုံးရဲ့ ပြောရေးဆိုခွင့်ရှိသူလို့ သူကသာလျှင် အဆုံးအဖြတ်ပေးမယ်လို့ ကြေညာထားတာမရှိပါဘူး။ လုပ်ခွင့်မရှိသလို လုပ်လဲလုပ်မှာ မဟုတ်ပါဘူး။ တစ်ကယ်တော့ တိုင်းရင်းသားအားလုံးရဲ့ကိုယ်စားကို ကာယကံရှင်တိုင်းရင်းသားအားလုံးက၊ တစ်နိုင်ငံလုံးကိစ္စကို နိုင်ငံသားအားလုံးက ဥစ္စာရင်လို ဥစ္စာရင်ခဲ အားလုံးပါဝင်ပြီး ကိုယ်တိုင်ပြောကြရမှာပါ။ ခေါင်းဆောင်တွေကလဲ ခေါင်းဆောင်နေရာက အလိုက်ပေါ့။ သို့သော် ဒေါ်အောင်ဆန်းစုကြည်က ဗမာဖြစ်တဲ့အတွက် အခြားတိုင်းရင်းသားတွေရဲ့ အရေးကိစ္စကို လုံးဝပြောခွင့်မရှိဘူးဆိုတဲ့သူတွေကတော့ အစွန်းရောက်လွန်းပါတယ်။ ကရင်ဖြစ်လို့ မွန်ကိစ္စမ ပြောရဘူး။ ရှမ်းဖြစ်လို့ ရခိုင်ကိစ္စမပြောရဘူးဆိုရင် ဘယ်လိုလုပ်ပြီး အားလုံးအတူတူ နေနိုင်မဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်မှာလဲ။ ကျုပ်တို့က သီးခြားနိုင်ငံတော်လေးတွေကို တည်ဆောက်တော့မှာမို့လား။

ဥပမာတစ်ခုပေးပါမယ်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှာ ရှမ်းပြည်က တိုင်းရင်းသားတွေ အားလုံးပါဝင်နေကြတဲ့အတွက် ရှမ်းပြည်က တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုပြီး ပြောနိုင်တယ်လို့ ဆိုပါတယ်။ ဒါကိုလက်မခံနိုင်လို့ဘဲဖြစ်ဖြစ်၊ လက်တွေ့မကျ၊ မလုံလောက်လို့ဘဲဖြစ်ဖြစ် ရှမ်းပြည်က ရှမ်းမဟုတ်တဲ့ အခြား တိုင်းရင်းသားတွေကလဲ သူတို့လူမျိုးဆိုင်ရာ သီးသန့်ဖွဲ့စည်းလုပ်ကိုင်နေတာ ရှိပါတယ်။ ဒီတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က သူ့မူ၊ သူ့ရည်ရွယ်ချက်အတိုင်း ရှမ်းပြည်က တိုင်းရင်းသားတွေအားလုံး အကျိုးကို ဦးတည်လုပ်မြဲလုပ်နေသလို၊ ရှမ်းပြည်ထဲက ရှမ်းမဟုတ်တဲ့ တိုင်းရင်းသားတွေကလဲ မိမိသက်ဆိုင်ရာ လူမျိုးအသီးသီးရဲ့ အကျိုးစီးပွါးအတွက် ဦးစားပေး သီးခြားလုပ်နေကြပါတယ်။ အဲဒါ ဘာများမှားပါသလဲ။ မှားတယ်လို့ ထင်သူများ ရှိကြပါသလား။ ရှမ်းပြည်တိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ရှမ်းပြည်က တိုင်းရင်းသားတွေအားလုံးရဲ့ အကျိုးစီးပွါးအတွက် လုပ်ဆောင်ခွင့်၊ ပြောဆိုခွင့် မရှိဘူးလို့ ရေးကြီးခွင့်ကျယ်လုပ် ကန့်ကွက်တာများ ကြားမိပါသလား။ ကန့်ကွက်ကော ကန့်ကွက်သင့်ပါသလား။

ဒီအတိုင်းဘဲ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် စတဲ့ပြည်နယ်တွေမှာလဲ ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုလုပ်ဆောင်ဖို့ ဖွဲ့စည်းလုပ်ဆောင်နေကြတာရှိသလို ပြည်နယ်ထဲက လူမျိုးအသီးသီးက မိမိဆိုင်ရာလူမျိုးအလိုက် ဖွဲ့စည်းလုပ်ဆောင်နေကြတာပါဘဲ။ တစ်ထွာတတ်နိုင်တဲ့သူက တစ်ထွာလုပ်၊ တစ်တောင်တတ်နိုင်တဲ့သူက တစ်တောင်လုပ်၊ တစ်လံတတ်နိုင်တဲ့သူက တစ်လံလုပ်တာလို့ သဘောထားရမှာပါ။ ဦးတည်ချက်ချင်းတူ၊ ဘုံရန်သူချင်းတူ၊ ဘုံအကျိုးစီးပွါး



ချင်း တူဖြစ်ရက်နဲ့ တစ်လံလှမ်းနိုင်တဲ့သူကို တစ်ထွာလှမ်းနိုင်တဲ့သူက မုဒိတာပွါး အားပေးဖို့ လိုပါတယ်။ ကိုယ့်မိတ်ဖက် အချင်းချင်း ခြေထိုးခြေဆွဲလုပ်၊ သူခိုး ဓါးရိုးကမ်း မိုက်ပြဖို့မလိုပါဘူး။

ရှမ်းပြည်က ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ရှမ်းပြည်ထဲမှာရှိတဲ့ တိုင်းရင်းသားများအားလုံးကို ကိုယ်စားပြုလုပ်ပိုင် ပြောပိုင်ခွင့်ရှိရင်၊ အီးအင်စီက ပါဝင်တဲ့တိုင်းရင်းသားအားလုံးရဲ့ကိုယ်စား ပြောပိုင်ခွင့်ရှိရင်၊ မြန်မာပြည်တစ်နံတစ်လျားက တိုင်းရင်းသားပေါင်းစုံနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ အင်အယ်လ်ဒီမှာကော တစ်တိုင်းပြည်လုံးအရေး၊ တိုင်းရင်းသားအားလုံးအရေးကို ထိုက်သင့်သလောက် ပြောပိုင် ဆိုပိုင်ခွင့် မရှိပေဘူးလား။ ဥပမာအနေနဲ့ ထင်ရှားအောင် အက်စ်အင်အယ်လ်ဒီနှင့် အီးအင်စီတို့ကို ရေးပြရခြင်းသာဖြစ်ပါတယ်။ တစ်ကယ်တော့ အက်စ်အင်အယ်လ်ဒီနှင့် အီးအင်စီတို့ဟာ တစ်နိုင်ငံလုံးအရေးကို ခြုံငုံသုံးသပ်နိုင်ပြီး အင်မတန်အမျှော်အမြင်ကြီးတဲ့ အဖွဲ့အစည်းကြီးများဖြစ်ပါတယ်။ ကျုပ်တို့ရဲ့ အနာဂါတ် ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးမှာ အားထားရမဲ့ အဖွဲ့အစည်းကြီးများ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ မြန်မာပြည် ဒီမိုကရေစီဖေါ်ဆောင်ရေးဟာ တိုင်းရင်းသားများရဲ့ မူလလွတ်လပ်ခွင့်တွေနဲ့ ခွဲခြားထားလို့ မရဘူး။ သီးခြားလုပ်ဆောင်လို့မရဘူး။ တိုင်းရင်းသားတွေရဲ့ မူလပိုင်ခွင့်တွေနဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ရေးကို တစ်ပြိုင်တည်း စတင်နိုင်ဖို့ အားလုံးမှာ တာဝန်ရှိပါတယ်ဆိုတာကိုလဲ ဒီနေရာမှာ အရေးထားတင်ပြလိုပါတယ်။

ဒီတော့ နောက်တစ်မျိုးပြောကြတတ်ပြန်ပါတယ်။ အင်အယ်လ်ဒီမှာ တိုင်းရင်းသားက နဲနဲသာပါပါတယ်။ ဗမာက အများစုမို့ ဗမာပါတီဖြစ်ပါတယ်တဲ့။ လက်ညှိုးထိုးခြင်းဟာ အလွယ်ကူဆုံးအလုပ်တစ်မျိုးဖြစ်တာမို့ လက်ညှိုးထိုး လွယ်တတ်ကြပါတယ်။ အလွယ်လက်ညှိုးမထိုးခင် အချိန်ကလေးနဲနဲယူပြီး သဘာဝကျကျစဉ်းစားတတ်ကြမယ်ဆိုရင် ပြဿနာအားလုံးရဲ့ တစ်ဝက်လောက်က အစကတည်းက ဖြစ်ပေါ်လာမယ်လို့တောင် မထင်ပါဘူး။

ရှမ်း၊ ရခိုင်၊ ကရင်၊ မွန်၊ ချင်း၊ ကချင်စတဲ့ ပြည်နယ်အသီးသီးက ပြည်နယ်လုံးဆိုင်ရာ နိုင်ငံရေးပါတီတွေ ဖွဲ့ကြမယ်ဆိုရင် သက်ဆိုင်ရာပြည်နယ်အသီးသီးမှာ ဘယ်လူမျိုးတွေက အများစုဖြစ်ကြမှာပါလဲ။ အဲဒီပြည်နယ်တွေမှာ လွတ်တော်ခေါ်ရင်၊ အစိုးရဖွဲ့ရင် ဘယ်လူမျိုးတွေက အများစုဖြစ်မှာလဲ။ လူဦးရေအများစုဖြစ်တဲ့ လူမျိုးတွေက သက်ဆိုင်ရာပြည်နယ်အသီးသီးမှာ တာဝန်အသီးသီးကို ပိုယူရတာ မဆန်းရင် မြန်မာတစ်နိုင်ငံလုံးမှာ လူဦးရေအများဆုံးဖြစ်တဲ့ ဗမာတွေက နိုင်ငံလုံးဆိုင်ရာကိစ္စတွေမှာ တာဝန်ပိုယူရတာကျမှ ဘာ့ကြောင့် ဆန်းချင်ကြပါသလဲ။

မိတ်ဆွေတို့ ဒီမိုကရေစီကို တစ်ကယ်ကော ယုံကြည်ကြပါရဲ့လား။

အောင်ထိ

နိုဝင်ဘာ ၂၅၊ ၂၀၀၇